# တင်ဒါလမ်းညွှန်

## တင်ဒါပေးသွင်းရန်လမ်းညွှန်ချက်

၁။ တင်ဒါစာရွက်စာတမ်းများကို တိကျပြည့်စုံအောင်ဖြည့်စွက်ပြီး လက်မှတ်ရေးထိုး၍ သတ်မှတ်ချိန် အတွင်း ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရပါမည်။

## တင်ဒါဈေးနှုန်း

၂။ တင်ဒါဈေးနှုန်းကို မြန်မာကျပ်ငွေဖြင့် တင်သွင်းရန်ဖြစ်ပါသည်။ ပစ္စည်းတန်ဖိုးဟုဆိုရာတွင် ပစ္စည်းတန်ဖိုးနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်သောနေရာသို့ အရောက်ပေးပို့သည့် ကုန်ကျစရိတ်များ၊ ပညာရှင်များ သင်ကြားပြသသည့်စရိတ်နှင့် တပ်ဆင်ခ များပါ ပါဝင်စေရမည်ဖြစ်ပြီး အထက်ဖော်ပြပါတင်ဒါဈေးနှုန်းအပြင် အကြောင်းအမျိုးမျိုးပြ၍ အခြား ကုန်ကျစရိတ်များအား နောက်ထပ်တောင်းခံခြင်း မပြုရပါ။ With Holding TAX ၂%၊ ကုန်သွယ် လုပ်ငန်းခွန် ၅% နှင့် အခြားကုန်ကျစရိတ်များကို တင်ဒါပေးသွင်းသူကသာ ကျခံရမည်။ တင်ဒါပေးသွင်းသူသည် တင်ဒါဈေးနှုန်းများကို တင်ဒါဖွင့်ဖောက်ပြီးသည့် အချိန်မှစ၍ ပြုပြင် ပြောင်းလဲခွင့်မရှိပါ။

## တင်ဒါရွေးချယ်မှု

၃။ ပေးသွင်းသော တင်ဒါသည် Specification ပါ အချက်အလက်များနှင့် ကိုက်ညီရမည်။ တင်ဒါပါ စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီရပါမည်။ ပစ္စည်းစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိရပါမည်။ တင်ဒါကော်မတီ(သတ္တုရေးရာ)က တင်ဒါတင်သွင်းသူများကို ဈေးဆစ်ခြင်းမပြုတော့ဘဲ တင်ဒါစည်းမျဉ်းညီညွတ်သူများအနက် အနိမ့်ဆုံးဈေးပေးသွင်းသူကို ရွေးချယ်ပါမည်။

## စာချုပ်ချုပ်ဆိုခြင်း

၄။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားလာသည့်အခါ တင်ဒါအောင်မြင်သောကုမ္ပဏီက (၅)ရက် အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လာရောက် စာချုပ်ချုပ်ဆိုရပါမည်။ တင်ဒါအောင်မြင်သော ငွေပမာဏ၏၁%(အများဆုံး ၁၅၀,၀၀ဝ/-)ကို စာချုပ်တံဆိပ်ခေါင်းခွန် တန်ဖိုးအဖြစ် တင်ဒါအောင်မြင်သူက ပေးသွင်းရပါမည်။

## ပစ္စည်းလက်ခံခြင်း

၅။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပစ္စည်းများ ရောက်ရှိလာသည့်အခါ အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီက သက်ဆိုင်ရာကျွမ်းကျင်သူများဖြင့် သတ်မှတ် ထားသောစံချိန်၊ စံနှုန်းများနှင့် ကိုက်ညီမှုရှိ/မရှိကို ကျေနပ်အောင် စစ်ဆေးပြီးမှသာ လက်ခံရယူ မည်ဖြစ်ပါသည်။

**ငွေပေးချေခြင်း**

၆။ ဝယ်ယူသည့်ပစ္စည်းများ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပြည့်စုံစွာ ရောက်ရှိပြီး အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေးကော်မတီက သတ်မှတ်ထားသော စံချိန်၊ စံနှုန်းများနှင့်ကိုက်ညီမှုရှိ/မရှိစစ်ဆေးပြီး ကိုက်ညီမှန်ကန်မှုသာမက အသုံးပြု၍ရမှသာ ငွေတောင်းခံလွှာနှင့်တောင်းခံခြင်းကို (၂)ပတ်အတွင်း တန်ဖိုးအကျေပေးချေမည် ဖြစ်ပါသည်။ ဝယ်ယူခဲ့သော ပစ္စည်းများကို ဤရောင်းဝယ်ရေးလုပ်ငန်းသို့ အပ်နှံပြီး၊ ကုန်သွယ်လုပ်ငန်းခွန် (၅%)ပေးဆောင်ထားသည့် အထောက်အထား၊ စာရွက်စာတမ်းတင်ပြမှသာ ငွေပေးချေမည်ဖြစ်ပြီး ကြိုတင်တောင်းခံခြင်းကို **(လုံး၀)**ခွင့်မပြုပါ။

**အထွေထွေ**

၇။ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းရှင်သည် တင်ဒါအောင်မြင်ပါက ပစ္စည်းတန်ဖိုး၏ (၁၀%)နှင့် ညီမျှသော လုပ်ငန်းစဘော်ငွေကို အာမခံကြေးအဖြစ်ဌာနသို့ ပေးသွင်းရမည်။

၈။ ရက်ပေါင်း(၉၀)အတွင်း ပစ္စည်းပေးသွင်းနိုင်မှုမရှိပါက တစ်ရက်(၅,၀၀၀/-)ကို ဒဏ်ကြေးအဖြစ် တင်ဒါအောင်မြင်သူမှ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းရမည်။

၉။ တင်ဒါအောင်မြင်သောကုမ္ပဏီသည် တဆင့်ကန်ထရိုက်(Sub Contract)သို့ ထပ်မံလွှဲပြောင်းခြင်း မပြုလုပ်ရပါ။

၁၀။ တင်ဒါရွေးချယ်စဉ်က တင်ပြထားသော ပစ္စည်းအမျိုးစား၊ စက်အမှတ်၊ ထုတ်လုပ်သည့် နိုင်ငံ၊ အရည်အသွေးအတိုင်း ဌာနသို့ပေးသွင်းရမည်ဖြစ်ပြီး ပြည်တွင်းတွင်အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်းဖြစ်၍ ဌာနမှ ထောက်ခံချက်တစ်စုံတစ်ရာ ထုတ်ပေးမည်မဟုတ်ပါ။

၁၁။ ကုမ္ပဏီ/အရောင်းဆိုင်၏ ပိုင်ရှင်(သို့) တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်များမှ တင်ဒါများကို ပေးသွင်းရပါမည်။ တင်ဒါတင်သွင်းသူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ လိပ်စာ၊ ကုမ္ပဏီများ မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိပါက တင်ဒါတင်သွင်းခြင်းမှ ပယ်ဖျက်ပါမည်။

၁၂။ တင်ဒါအမှတ်စဉ်မတူညီသော လုပ်ငန်းသုံးပစ္စည်းများကို ဈေးနှုန်းတင်သွင်းလွှာ(၁)စောင်တည်းတွင် စုပေါင်းရေးသွင်းထားသည့် ဈေးနှုန်းအဆိုပြုလွှာများ၊ ဌာနက သတ်မှတ်ထားသော Specification နှင့် ကိုက်ညီမှုမရှိသည့် ပုံစံတူလုပ်ငန်းသုံးပစ္စည်းများကို တင်သွင်းထားသည့် ဈေးနှုန်းအဆိုပြုလွှာများနှင့် တင်ဒါအမှတ်စဉ်တစ်ခုတွင် ပါဝင်သော လုပ်ငန်းသုံးပစ္စည်းအားလုံးကို အပြည့်အစုံ တင်သွင်းထားခြင်းမရှိသည့် ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါတင်သွင်းခြင်းမှ ပယ်ဖျက်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**